**အာဆီယံစီးပွားရေးအသိုက်အဝန်းလုပ်ငန်းအဖွဲ့၏**

**ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**

**နေပြည်တော်၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာဆီယံစီးပွားရေးအသိုက်အဝန်းလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၁-၁၂-၂၀၂၃ ရက်၊ နံနက် (၁၁:၀၀) နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၂)ရှိ ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီးရုံး(စီမံကိန်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ လုပ်ငန်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသည့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်မှ ပထမအကြိမ် ကျင်းပပြုလုပ်ခဲ့သော အာဆီယံစီးပွားရေးအသိုက်အဝန်းလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို Steering Committee အစည်းအဝေးတွင် ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ Steering Committee အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်များအရ ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိပါကြောင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ဒီဇင်ဘာလအတွင်း ဆောင်ရွက်ထားရှိသော လုပ်ငန်းစဉ်တိုးတက်မှုအခြေအနေများကို ယနေ့ အစည်းအဝေးတွင် ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့ပြီး အတွင်းရေးမှူးမှ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းအဖွဲ့ဝင်များမှ ၎င်းတို့၏ လုပ်ငန်းအဖွဲ့အစည်းအဝေးများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လည် (၁၂:၃၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။